www.burmeseclassic.com

# သဗ္ဗဒါနံ – ဓမ္မဒါနံ – ဇိနာတိ

(ဓမ္မဒါနသည် အမြတ်ဆုံး)

BURMESE CLASSIC .com

အလှူဒါနပြုကြရာတွင်

အမြင့်မြတ်ဆုံးသော

# ဒါနဖြစ်နည်း

## သန့်–တည်–ပွား

## အဖွဲ့၏ဓမ္မဒါန

www.burmeseclassic.com

www.burmeseclassic.com

(၃)သီလရှိတဲ့လူကိုလှူရင် ဘဝပေါင်းတစ်သိန်း

(၄) သမထစျာန်ရ ပုဂ္ဂိုလ်ကို လှူရင် ဘဝပေါင်း ကုဋေ
တစ်သိန်း

**အရိယာပုဂ္ဂိုလ်များ**

(၅) သောတာပန်ကိုလှူရင် ဘဝပေါင်းအသင်္ချေ

(၆) သကဒါဂါမ်ကိုလှူရင် သောတာပန်ထက်ပိုပြီး

(၇) အနာဂါမ်ကိုလှူရင် သကဒါဂါမ်ထက်ပိုပြီး

(၈)ရဟန္တာကိုလှူရင် အနာဂါမ်ထက်ပိုပြီး

(၉) ပစ္စေကဗုဒ္ဓါကိုလှူရင် ရဟန္တာထက်ပိုပြီး

(၁၀) ဘုရားကိုလှူရင် ပစ္စေကဗုဒ္ဓါထက်ပိုပြီး

(၁၁) ဘုရားအမှူးရှိသော သံဃာတော်များ(သံဃိက)ကို
လှူရင် ဘုရားကိုလှူတာထက်ပိုပြီး

(၁၂) သာသနာတော်အတွက်ရည်မှန်းပြီးလှူရင်(သံဃိက)
ကိုလှူတာထက်ပိုပြီး အကျိုးပေးပါတယ်။

ဒါကြောင့် သာသနာတော်အတွက်လို့ ရည်မှန်းပြီးလှူတဲ့
အလှူက အမြင့်မြတ်ဆုံးနှင့်အကျိုးပေးဆုံးဖြစ်ပါတယ်။ ၎င်းပြင်

www.burmeseclassic.com

## (ခ) အလှူခံပုဂ္ဂိုလ်အတွက်ဆုတောင်းပါ။

လှူပြီးဆိုတာနဲ့ အလှူရှင်တွင်ဆုမတောင်းဘဲ ဒါနရဲ့အကျိုးကုသိုလ်ရလို့ မိမိရပါလို၏ဟု ဆုမတောင်းဘဲ အလှူခံ ပုဂ္ဂိုလ်အတွက် ဒါနရဲ့အကျိုးရပါစေဆိုတဲ့ စိတ်ညွတ်ပြီးတော့ စေတနာထားလိုက်ရင် စေတနာသည်ကံဖြစ်တဲ့အတွက် စေတနာရဲ့ အကျိုးကုသိုလ်ထပ်ရလို့ နှစ်ထပ်ကွမ်းကုသိုလ်ရပြီး အကျိုးပေးအများဆုံးဖြစ်ပါသည်။

## စေတနာ(၃)တန်ပြဋ္ဌာန်းခြင်း

လှူတဲ့အခါမှာလည်း စေတနာ(၃)တန် ပြဋ္ဌာန်းပြီး လှူရပါမယ်။ အဲဒါကတော့ -

(၁) ပုဗ္ဗ (မလှူခင်မှာ ထားရမယ့်စိတ်)

(၂) မုဉ္စ (လှူနေစဉ်မှာ ထားရမယ့်စိတ်)

(၃) အပရ (လှူပြီးချိန်မှာ ထားရမယ့်စိတ်) တို့ဖြစ်ပါတယ်။

အလှူလုပ်မယ်လို့ သဒ္ဒါစိတ်ပေါ်ချိန်မှာ မိမိလှူမည့်ပုဂ္ဂိုလ်ကို ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ မိမိစိတ်ကြိုက်အလှူခံ ပုဂ္ဂိုလ်ရွေးချယ်ပြီးမှသာလျှင် "ပုဗ္ဗ" ထဲကိုရောက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

"ပုဗ္ဗ မုဥ္စ အပရ" စေတနာ(၃)တန်စလုံးမှာ အလှူခံပုဂ္ဂိုလ်ရဲ့ အဆိုးအကောင်းမစီစစ်ရတော့ဘဲ

(က) သာသနာတော်ကိုသာရည်ရွယ်ပြီး

(ခ) ဘုရားသာသနာပြုသူ(အလှူခံပုဂ္ဂိုလ်)အတွက် ဒါန အကျိုးများရပါစေဟု ဆုတောင်းပေးပါ။

စေတနာ(၃)တန်ပြတ်ပြီး လှူမယ်ဆိုရင် "ပုဗ္ဗ" ကငယ်ရွယ် စဉ်မှာအကျိုးပေးပြီး "မုဥ္စ" က လူလတ်ပိုင်းနှင့် "အပရ" က အသက် ကြီးပိုင်းတို့မှာ အကျိုးပေးနိုင်ပြီး အရွယ်သုံးပါးစလုံး အကျိုးပေးရရှိ နိုင်ပါတယ်။

BURMESE CLASSIC .com

**(ဂ) ဒါနပြုတာရုပ်နာမ်ဟု နှလုံးသွင်းပွားများပါ။**

လှူသူ/အလှူခံ ရုပ် နှင့် နာမ်၊ လှူရန်ပစ္စည်း ရုပ်၊ လှူတာမမြဲ၊ လှူဆင်းရဲ၊ လှူထဲငါမပါ၊ လှူတာ ရုပ်နာမ်ပါ။

ဒါနထက် သီလက မြင့်ပြီး၊ သီလထက် သမထက ပိုမြင့်ပြီး သမထထက်ပိုမြင့်တဲ့ ဘုရားရှင်ရဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန် သို့ မျက်မှောက်ပြုနိုင်ရေး အတွက် ဝိပဿနာ ဘာဝနာကိုလည်း ဆက်လက် ပွားများကြပါစို့။



www.burmeseclassic.com

www.burmeseclassic.com

# ဒါနအကျိုး

| | | | | |
|---|---|---|---|---|
| သက် | → | အသက်ရှည် | ဆွမ်း အကျိုး | ရေ အကျိုး |
| ဆင်း | → | အဆင်းလှ | | |
| ချမ်း | → | ချမ်းသာ | | |
| ခွန် | → | ခွန်အားကြီး | | |
| ဉာဏ် | → | ဉာဏ်ပညာကြီး | | |
| သန့် | → | သန့်ရှင်း | | |
| ကျော် | → | ကျော်ကြား | | |
| ခြွေ | → | အခြွေရံပေါ | | |
| ရေ | → | ရေသုံးချင်သလိုသုံးနိုင် | | |
| မြန် | → | လျှင်မြန်ပေ့ါပါး | | |

အလှူဒါနပြုခြင်းသည် "ပေးခြင်း" လို့ထင်ရပေမယ့် အမှန်မှာ "ရယူခြင်း" (**အနာဂတ်စုဗူး**) ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝိပဿနာ ဘာဝနာ ရှုမှတ်ရခြင်းအကျိုး

## (က) ဘုရားအကြိုက်

ဘုရားရှင် ကိုယ်တော်မြတ်ကြီးပွင့်တော်မူလာရခြင်းသည် မြတ်နိဗ္ဗာန် သို့ မျက်မှောက်ပြုနိုင်ရေးအတွက်သာ ဖြစ်သော ကြောင့် ဝိပဿနာ ဘာဝနာဖြင့်သာ ပူဇော်ခြင်းကို အကြိုက် ဆုံးဖြစ်ပေသည်။

## (ခ) မိမိအကြိုက်

**လူဖြစ်ရကျိုးနပ်ခြင်း** - ဝိပဿနာ ဘာဝနာ အားမထုတ် သေးလျှင် အပါယ်လေးပါးမှ လွတ်မြောက်ရန် မသေချာသည့် အတွက် လူဖြစ်ရကျိုးမနပ်ပေ။

**သာသနာနဲ့ မှီရကျိုးနပ်ခြင်း** - ဒါန၊ သီလ၊ သမထ (၃)မျိုး လုပ်နေရုံဖြင့် သာသနာနဲ့ မှီရကျိုးမနပ်ပေ။

ဝိပဿနာ ဘာဝနာရှုမှတ် အားထုတ်မှသာလျှင် လူဖြစ်ရ ကျိုးနှင့် သာသနာနဲ့ မှီရကျိုးနပ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အမျှပေးဝေပုံ

ကုသိုလ်ပြုဖက် ပါရမီရှင်မိသားစု ဘဝအဆက်ဆက်မှ ပြုခဲ့ပြီးသော ကုသိုလ်များ၊ ယခုဘဝပြုခဲ့ပြီးသော ကုသိုလ် အဝဝတွေကိုမိဘဆရာဉာတကာနှင့် ထိုထိုစောင့်ကြပ် နတ်အပေါင်းတို့မှစ၍ သုံးဆယ့်တစ်ဘုံကျင်လည်ကြကုန်သော ဆွေတော်မျိုးတော်အပေါင်းတို့အား အကျွန်ုပ်တို့နှင့်ထပ်တူထပ်မျှ ရကြရအောင် ကိုယ်ရောစိတ်ပါ ဝမ်းမြောက်စွာဖြင့် အမျှပေးဝေလိုက်ပါ၏။

အမျှ - အမျှ - အမျှ - - ယူတော်မူကြပါကုန်လော - -

## သာဓုခေါ်ပုံ

အရိယာအပေါင်း သူတော်ကောင်းအပေါင်းတို့ရဲ့ ပို့သသော မေတ္တာပေးဝေသောအမျှကိုလည်းအကျွန်ုပ်တို့က ဝမ်းမြောက်ဝမ်းသာနဲ့ (သာဓု)၃ ပါဘုရား - - - -။

သန့်-တည်-မွှား

www.burmeseclassic.com

# "ဝိနည်း"ပညတ်ခြင်း အကျိုး(၁၀) ပါး

ဝန် ၁ သံဃာတော်များ ဝိနည်းကောင်းကြောင်း ဝန်ခံ

ချမ်း ၂ သံဃာတော်များ ချမ်းသာစွာနေရ

ဆိုး ၃ အလဇ္ဇီ၊ ဒုဿီလရဟန်းဆိုးကို နှိမ်နင်းနိုင်

ကောင်း ၄ ရဟန်းကောင်းများ ချမ်းသာစွာနေရ

---

ခု ၅ ယခုဘဝ ဘေးရန်ကာကွယ်

နောင် ၆ နောင်ဘဝ ဘေးရန်ပယ်ရှား

---

ကြည် ၇ မကြည်ညိုသေးသူတို့ ကြည်ညိုလာစေ

တိုး ၈ ကြည်ညိုပြီးသူတို့ သဒ္ဓါထပ်မံတိုး

---

တည် ၉ သာသနာ့အရှည်တည်တံ့

ချီး ၁၀ ဝိနည်း စည်းကမ်းကို ချီးမြှောက်

www.burmeseclassic.com

www.burmeseclassic.com

# အာပတ် (၇)မျိုး

## (အာပတ် = အာပတ္တိ= အပြစ်သင့်ခြင်း)

(၁) ပါရာဇိက = ရဟန်းဘဝဆုံးရှုံး

(၂) သံဃာဒိသိသ် = ရဟန်းအပါး(၂၀)ဖြင့်ကုစား

(၃) ထုလ္လစ္စည်း = ကြီးလေးသောအပြစ်

---

(၄) ပါစိတ် = ကုသိုလ်စိတ်မှလျှော့ကျ

(၅) ပါဋိဒေသနီ = သီးခြားပြော

---

(၆) ဒုက္ကဋ် = မကောင်းလုပ်ခြင်း လူကဲ့ရဲ့

(၇) ဒုဗ္ဘာသိ = မကောင်းပြောခြင်း လူကဲ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

# သိက္ခာပုဒ် [ (၈)မျိုး ] (၂၂၇) သွယ်

(မာတိကာ=၂၂၇, အကျယ်သိက္ခာပုဒ်=၉၁၈၀,၅၀၃၆,၀၀၀)

| | | | |
|---|---|---|---|
| (၁) | ပါရာဇိက | သိက္ခာပုဒ် | (၄)ပါး |
| (၂) | သံဃာဒိသိသ် | သိက္ခာပုဒ် | (၁၃)ပါး |
| (၃) | အနိယတ | သိက္ခာပုဒ် | (၂)ပါး |
| (၄) | နိဿဂ္ဂိ ပါစိတ် | သိက္ခာပုဒ် | (၃၀)ပါး |
| (၅) | သုဒ္ဓ ပါစိတ် | သိက္ခာပုဒ် | (၉၂)ပါး |
| (၆) | ပါဋိဒေသနီ | သိက္ခာပုဒ် | (၄)ပါး |
| (၇) | သေခိယ | သိက္ခာပုဒ် | (၇၅)ပါး |
| (၈) | အဓိကရဏသမထ | သိက္ခာပုဒ် | (၇)ပါး |
| | | | (၂၂၇)သွယ် |



www.burmeseclassic.com

www.burmeseclassic.com

## ၁ ပါရာဇိက (၄) ပါး

**မ** (၁) - **မေထုန်** [အမအဖိုသတ္တဝါအားလုံး၏အပေါက်အားလုံး မြွေမ,ငါးမအပါအဝင်]

**ခိုး** (၂) - **ခိုးခြင်း** [(အင်္ဂါ(၅)ပါး-လူ, သိ, မတ်, လို, ယူ) ခိုးခြင်း(၂၅)ပါး]

**လူ** (၃) - **လူသတ်** [ကိုယ်တိုင်သတ်, သေချင်သူအနီး လက်နက်ထားပြီးသေ,ရောဂါရှင်အား သေခြင်း၏ဂုဏ် ပြောလို့သေ]

**လိမ်** (၄) - **ဈာန်,မဂ်,ဖိုလ် လိမ်**

[အင်္ဂါ(၅)ပါး- မရှိ,ကြွား,ညွှန်,လူ,နား]

(ဦးခေါင်းပြတ်,အရွက်ကြွေ,ကျောက်ဖျာကွဲ,ထန်းလည်ကျိုး)



www.burmeseclassic.com

www.burmeseclassic.com

# ၂ သံယာဝိသိသ် (၁၃) ပါး

| | | |
|---|---|---|
| သုတ် | ၁ | သုတ်လွှတ်စေမှု |
| ကိုယ် | ၂ | ကိုယ်လက်နှိုးနှော |
| ညစ် | ၃ | ညစ်ညမ်းစကားပြော |
| မေမ | ၄ | မေမထုန်အလှူခံ |
| အောင် | ၅ | အောင်သွယ်ခြင်း |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ကိုင် | ၆ | အင်္ဂတေအချောကိုင်ကျောင်းဆောက် |
| ခုတ် | ၇ | ကျောင်းဆောက်ရန်သစ်ပင်ခုတ် |
| စွပ် | ၈ | ပါရာဇိကဖြင့် အကြောင်းမဲ့စွပ်စွဲ |
| ဆင် | ၉ | ပါရာဇိကဖြင့် ဆင်တူယိုးမှားစွပ်စွဲ |
| စွဲ | ၁၀ | သံဃာသင်းခွဲမှု |
| အား | ၁၁ | သံဃာသင်းခွဲမှုကိုအားပေး |
| ဆုံး | ၁၂ | အတူနေရဟန်းဆုံးမသည်ကိုမနာခံ |
| ဖျက် | ၁၃ | သဒ္ဓါတရားဖျက်ဆီးမှု |

www.burmeseclassic.com

www.burmeseclassic.com

# ၇ အနိယတ - (၂) ပါး

**မြင်** ၁ မမြင်ကွယ်ရာ (နံရံ/ကန့်လန့်ကာ)
[မိန်းမတစ်ရာရှိပေမဲ့သိနားလည်သော
ယောကျ်ားတစ်ယောက်မျှ မရှိလျှင်]

**ကြား** ၂ မကြားနိုင်ရာ (ကျား/မတစ်ဦးရှိရန်)
[(၁၈)ပေခန့်အတွင်း အဖော်ပုဂ္ဂိုလ်
မရှိဘဲ ရဟန်းနှင့် မာတုဂါမ စကားပြော]

www.burmeseclassic.com

www.burmeseclassic.com

# ပရိကံ

## ( နမောတဿ - ဘဂဝတော - အရဟတော - သမ္မာသမ္ဗုဒ္ဓဿ )[၃]

မြတ်စွာဘုရား - ဘုရားတပည့်တော်တို့သည် - ယခုတရားအားထုတ်ဆဲအခါ၌ - မြတ်စွာဘုရားအား - နိဗ္ဗာန်ကိုရည်မှန်း၍ - ခန္ဓာငါးပါး - ရုပ်နာမ်နှစ်ပါးကို - လှူဒါန်းပါ၏ - ကပ်လှူပါ၏ - ပူဇော်ပါ၏အရှင်ဘုရား။ ခန္ဓာငါးပါး - ရုပ်နာမ်နှစ်ပါး - လှူဒါန်းရသောအကျိုး - မဂ်ဉာဏ် - ဖိုလ်ဉာဏ် - နိဗ္ဗာန်တရားတော်မြတ်ကို - ရပါလို၏အရှင်ဘုရား။

ကမ္မဋ္ဌာန်းဆရာဖြစ်တော်မူသော - ဆရာတော်ကြီးတို့ဘုရား - ဘုရားတပည့်တော်တို့သည် - ယခုတရားအားထုတ်ဆဲအခါ၌ - ဆရာတော်ကြီးတို့အား - နိဗ္ဗာန်ကိုရည်မှန်း၍ - ခန္ဓာငါးပါး - ရုပ်နာမ်နှစ်ပါးကို - လှူဒါန်းပါ၏ - ကပ်လှူပါ၏ - ပူဇော်ပါ၏အရှင်ဘုရား။ ခန္ဓာငါးပါး - ရုပ်နာမ်နှစ်ပါး - လှူဒါန်းရသောအကျိုး - ဆရာတော်ကြီးတို့၏သိအပ်သော - ဓါတ်တရား - ပရမတ်တရား - ရုပ်တရား - နာမ်တရား - သစ္စာတရားတို့ကို - ဘုရားတပည့်တော်တို့အား - ပေးသနားတော်မူပါအရှင်ဘုရား။

ဘုံသုံးဆယ့်တစ် - ရှိရှိသမျှအနန္တဝယ် - ကုန်းမှာနေကိုးကုဋေ - ရေမှာနေဆယ်ကုဋေ - ကုန်းသတ္တဝါ ရေသတ္တဝါ - သဗ္ဗေသတ္တာသတ္တဝါအပေါင်း - စကြာဝဠာတံတိုင်း - သီတာပတ်ကုန်း - ကုန်းမကျန်ရေမကျန် - အထက်ဘဝဂ် - အောက်အဝီစိအထိ - သုံးဆယ့်တစ်ဘုံ - ကျင်လည်ကြကုန်သော - ဝေနေယျသတ္တဝါအပေါင်းတို့အား - ကျွန်ုပ်တို့၏ - ဒါနကုသိုလ် - သီလကုသိုလ်- ဘာဝနာကုသိုလ် - အဓိဋ္ဌာန်ပါရမီကုသိုလ် - ကျွန်ုပ်တို့နှင့် - ထပ်တူထပ်မျှ - ရကြရအောင် - အားလုံး - အမျှ . . . အမျှ . . . အမျှ ယူတော်မူကြပါကုန်လော့။

အရိယာအပေါင်း - သူတော်ကောင်းများ - ပို့သသောမေတ္တာ - ပေးဝေသောအမျှကိုလည်း - ကျွန်ုပ်တို့က - ဝမ်းမြောက်ဝမ်းသာနဲ့ . . . သာဓု - သာဓု - သာဓု . . . ပါဘုရား။

**ယောဂီ .. ကိုယ့်စိတ် ကိုယ်စစ်**

www.burmeseclassic.com

www.burmeseclassic.com

# ဝိပဿနာ ဘာဝနာအဓိပ္ပါယ်

**ဝိ**=များပြားလှစွာသော သတိပဋ္ဌာန် (၄)ပါးတို့ဖြင့်
**ပဿနာ**= ဉာဏ်ဖြင့်ရုပ်နာမ်တို့အားရှုမှတ်ခြင်း
**ဘာဝနာ**= ပွားများခြင်း၊ တိုးပွားခြင်း

## ဝိပဿနာ အားထုတ်ရခြင်း ရည်ရွယ်ချက်

(၁) ဘုရားအကြိုက် (ဝိပဿနာ ဖြင့်သာ ပူဇော်ရန် မိတ်ခေါ်သည်။)
(၂) ကိုယ့်အကြိုက် (လူဖြစ်ရကျိုးနပ်ခြင်း၊ ဘုရားသာသနာနဲ့မှီရကျိုးနပ်ခြင်း) ။

## ဝိပဿနာ အားထုတ်ရခြင်းအကျိုး (၄)မျိုး

(၁) ကျန်းမာရေးအထူးကောင်းခြင်း
(၂) အနေတတ်ခြင်း
(၃) အသေတတ်ခြင်း
(၄) မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မျက်မှောက်ပြုနိုင်ခြင်း။

(ဆုံးဖြတ်ချက် မှန်-မြန်-ပြတ်သား နိုင်သည်။)

သန့်-တည်-မွှား

www.burmeseclassic.com

www.burmeseclassic.com

## တရားအားထုတ်နည်း

(၁) မှန်သော ခန္ဓာကိုယ်အနေအထား
(Right Posture)
(ခြေထောက်၊ ခါး၊ ခေါင်း၊ မျက်လုံး၊ လက်)

(၂) ထွက်လေဝင်လေ စိုက်အား တူညီရန်
(Force Balance)

(၃) ထွက်လေဝင်လေ အရှူနှုန်း (Breathing Rate)
(ပုံမှန်အရှူနှုန်းထက် (၂)ဆ / (၃)ဆနှေးရှူပြီး)
(သတိကပ်နိုင်သောအရှူ ဖြစ်ရမည်။)

(၄) သမာဓိထူထောင်ခြင်း (Concentration)
(နှာသီးဝတွင် ထွက်လေနှင့်ဝင်လေကို မလွတ်တမ်း
သိရန်) (မိမိနားမှကြားအောင်ရှူပါ)

**အရေးကြီးဆုံးလုပ်ရန်** –

(ပထမ) – ပရိကံယူ၍ ဘုရားနှင့် ကမ္မဋ္ဌာန်းဆရာထံ
ခန္ဓာငါးပါးရုပ်နာမ်နှစ်ပါးလှူစဉ် **မဂ်ဉာဏ်**
မှလည်းပြတ်ပြတ်သားသားလှူပါ။

(ဒုတိယ) – ဝေဒနာအနည်းအများအပေါ် မူတည်ပြီး
ထွက်လေဝင်လေ (အရှူ)ဖြင့်ဘောင်ချိန်ရန်၊
ဝေဒနာ နည်းလျှင် အရှူနည်းပြီး
ဝေဒနာ များလျှင် အရှူများရန်
ဝေဒနာ = ရောဂါ အရှူ = ဆေး
(ရောဂါနှင့်ဆေး ဘောင်ချိန်ပြီးပေး)

သန့်–တည်–မှား

www.burmeseclassic.com

www.burmeseclassic.com

ဝိနည်းအခြေခံ–သိကြရန်

(ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု)

**ဗုဒ္ဓသာသနာတော်၏ အသက်သည် ဝိနည်း(စည်းကမ်း)**

ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး

အဓွန့်ရှည်စွာ (သန့်ရှင်း) နိုင်ရေးအတွက်

**သာသနာကိုမြတ်နိုးသူတိုင်း**

**မိမိကိုယ်တိုင် သိအောင် ကျင့်မှတ်ပြီး**

**အများကိုလည်း ဖြန့်ပေးပါ**

www.burmeseclassic.com

www.burmeseclassic.com

## ပစ္စယသတ္တိ

အကြောင်းတရားတို့က အကျိုးတရားတို့အား

(၁) ထုတ်လုပ်မှု (ဇနက)
(၂) ထောက်ပံ့မှု (ဥပတ္ထမ္ဘက)
(၃) ထိန်းသိမ်းမှု (အနုပါလန)
} ထ(၃)လုံး

တည်းဟူသော တိကျပြတ်သားသော ကိစ္စတို့ဖြင့်-

**ကျေးဇူးပြုစေတတ်သော သတ္တိ**

အကြောင်းပစ္စည်းတရား **(ပစ္စယဓမ္မ)** တို့က

အကျိုးပစ္စယုပ္ပန်တရား **(ပစ္စယုပ္ပန္နဓမ္မ)** တို့အား

(၂၄)ပစ္စည်းတို့၏သတ္တိ **(ပစ္စယသတ္တိ)** တို့ဖြင့်

**"ဆက်သွယ်ခြင်း"၊ "ကျေးဇူးပြုခြင်း"**

**ရှုတ်ဖတ်ခြင်းထက် နှလုံးသွင်းဆင်ခြင်သုံးသပ်ပါမှ အကျိုးရှိမည်။**

(သန့်-တည်-ဖွား)

## အဘိဓမ္မာ (၇) ကျမ်း မှ

# ပဋ္ဌာန်း

(၁) **ဓမ္မသင်္ဂဏီ** (တရားရေတွက်) **ဓမ်**

(၂) **ဝိဘင်း** (အကျယ်ဝေဖန်) **ဝိ**

(၃) **ဓာတုကထာ** (ဓာတ်ပိုင်းခြား) **ဓာ**

(၄) **ပုဂ္ဂလပညတ်** (ပုဂ္ဂိုလ် အကျယ်ဝေဖန်) **ပုဂ်**

(၅) **ကထာဝတ္ထု** (အယူဝါဒ "ကထာ" တည်ရာ) **က**

(၆) **ယမိုက်** (အစုံဟောကျမ်း) **ယ**

(၇) **ပဋ္ဌာန်း** (ရုပ်နာမ်ဖြစ်ပုံအကြောင်း) **ပ**

**ပဋ္ဌာန်း (ပ = အမျိုးမျိုးသော) + (ဌာန = အကြောင်း)**

| | | | | |
|---|---|---|---|---|
| **ရေ** | ၁။ | **ဟေတုပစ္စယော** | ရေသောက်မြစ် | = ဟိတ်(၆)ပါးကြောင့် ဆိုင်ရာအကျိုးပေးခြင်း၊ |
| **ကြိုး** | ၂။ | **အာရမ္မဏ** | ကြိုးတန်း | = အာရုံ(၆)ပါးပေါ်မှီပြီး၊ကုသိုလ်/အကုသိုလ်စိတ်ဖြစ်ခြင်း၊ |
| **ကြီး** | ၃။ | **အဓိပတိ**(အကြီးအမှူး) | စကြာမင်း | = အဓိပတိ(၄)ပါး [အဓိပတိစိတ်တစ်ခု ခေါင်တပ်လျှင် ကျန်စိတ်(၃)မျိုး နောက်လိုက်ဖြစ်ခြင်း] |
| **ကြား** | ၄။ | **အနန္တရ** (ကြားမဲ့) | ဘုရင်ကြီးနတ်ရွာစံခြင်းသည် သားဘုရင်ဖြစ်ရန် | = နိယာမ(၅)ပါး (ရှေ့စိတ်ပျက်ပေးခြင်းသည် နောက်စိတ်ဖြစ်လာရန်) |
| **ကောင်း** | ၅။ | **သမနန္တရ** | ကောင်းစွာကြားမဲ့(တောထွက်) | = စိတ်များဆက်ကာဆက်ကာဖြစ်ခြင်းသည် တစ်စိတ်တည်း ထင်ရလောက်အောင် ကောင်းစွာ ကြားမဲ့သည်။ |
| **တူ** | ၆။ | **သဟဇာတ** | အတူတကွ(မီးနှင့်မီးရောင်) | = နာမ်ခန္ဓာ (၄)ပါး အတူတကွဖြစ်ပေါ်ခြင်း၊ |
| **ပြန်** | ၇။ | **အညမည** | အပြန်အလှန်မှီ(ခွေးခြေသုံးချောင်း) | = နာမ်နှင့်ရုပ် အပြန်အလှန်မှီ၊ |
| **မှီ** | ၈။ | **နိဿယ** | အရင်ဖြစ်ကို နောက်ဖြစ်မှမှီ (မြေကြီးကိုသစ်ပင်မှီ) | = ရှေးအကြောင်းပေါ်မှီပြီး ဒုစရိုက်၊သုစရိုက်ဖြစ်ပေါ်၊ |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| **အား** | ၉။ | **ဥပနိဿယ** | အားကြီးကြောင်း(မိုးရွာချခြင်း) | = | သင်္ခါရတရားပေါ်မှီပြီး၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်ပေါ်၊ |
| **ရှေ့** | ၁၀။ | **ပုရေဇာတ** | ရှေ့၌ဖြစ်၍(မိဘများ သားသမီးအရှေ့ဖြစ်) | = | အာရုံမျိုးစုံ ရှေ့ဖြစ်ပြီးမှ နောက်အကျိုးတရားပေါ်၊ |
| **နောက်** | ၁၁။ | **ပစ္ဆာဇာတ** | နောက်မှဖြစ်၍ (လင်းတပေါက်စ) | = | စိတ်ထက်သန်မှုရှိလျှင် ရုပ်လန်းဆန်းခြင်း၊ |
| **ဖန်** | ၁၂။ | **အာသေဝန** | အဖန်ဖန်မှီဝဲ (အရောင်တင်ဆီသုတ်) | = | နောက်မှပြုသည့် ကုသိုလ်/အကုသိုလ်ဖြစ်ခြင်းသည် ယခင်က ကုသိုလ်/အကုသိုလ်တရားတွေက ကျေးဇူးပြုခြင်း။ |
| **မျိုး** | ၁၃။ | **ကမ္မ** | မျိုးစေ့ (မျိုးစေ့မှ သစ်ပင်ပေါက်) | = | ကုသိုလ်/အကုသိုလ်ကံမျိုးစေ့နှင့်တူရာအကျိုးပေး၊ |
| **ကျိုး** | ၁၄။ | **ဝိပါက** | အကျိုးရလဒ်(လေပြေလေညှင်း) | = | ကုသိုလ်ကချမ်းသာပြီး၊ အကုသိုလ်ကအပါယ်သွား၊ |
| **ထောက်** | ၁၅။ | **အာဟာရ** | ထောက်ပံ့ (အိမ်ကိုကျားကန်) | = | ရုပ်/နာမ်တို့တွင် အာဟာရ မရှိလျှင် အသက်မရှင်နိုင်၊ |
| **စိုး** | ၁၆။ | **ဣန္ဒြိယ** | အစိုးရ (ဝန်ကြီး) | = | စက္ခုန္ဒြေ၊သောတိန္ဒြေ စသဖြင့် ဣန္ဒြေ (၂၂)ပါး တို့သည် သူ့နေရာနှင့်သူ တာဝန်ယူကြသည်၊ |
| **စိုက်** | ၁၇။ | **ဈာန** | စူးစိုက်ရှု (အပေါ်စီးမှကြည့်သူ) | = | ဈာန်(၅)ပါး၊ ကုသိုလ်ဈာန်ကို အာရုံပြုလျှင် နိဗ္ဗာန်ထိဦးတည်၊ |
| **မှန်** | ၁၈။ | **မဂ္ဂ** | လမ်းမှန်ပို့ပေး | = | မဂ္ဂင်(၈)ပါးလမ်းမှန်လျှောက်မှ နိဗ္ဗာန်မျက်မှောက်ပြု၊ |
| **ယှဉ်** | ၁၉။ | **သမ္ပယုတ္တ** | ယှဉ်ပြီးသတ္တိပြ (စတုမဓု) | = | စိတ်၊ ဖဿ၊ ဝေဒနာ၊ သညာ စသည့် စေတသိက်တို့သည် အာရုံတစ်ခုကိုခံစားလျှင် ခွဲမရအောင် ပေါင်းယှဉ်သည်၊ |
| **မယှဉ်** | ၂၀။ | **ဝိပ္ပယုတ္တ** | မယှဉ်သတ္တိပြ [ရသာ(၆)ပါး] | = | ပဋိသန္ဓေစိတ်၊ ကမ္မဇရုပ်၊ ကလာပ်တို့သည် သူ့သတ္တိနှင့်သူ ပြကြသည်၊ |
| **ရှိ** | ၂၁။ | **အတ္ထိ** | ထင်ရှားစွာ ရှိ၍ (တောင်ကြီး) | = | သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်းငါးပါး ရှိနေသည့်အတွက် အကြောင်းအကျိုး ကျေးဇူးပြု၊ |
| **မရှိ** | ၂၂။ | **နတ္ထိ** | မရှိမှ (ဆီမီးငြိမ်း၍မှောင်) | = | ဥပါဒ်၊ဌီ၊ဘင် ခဏငယ်သုံးချက် မရှိမှ နိတ္ထိက ကျေးဇူးပြု၊ |
| **ပျောက်** | ၂၃။ | **ဝိဂတ** | ချုပ်ပျောက်(နေရောင်ပျောက်လရောက်) | = | ရှေ့နာမ်ပျောက်မှ နောက်နာမ်ပေါ်၊ |
| **မပျောက်** | ၂၄။ | **အဝိဂတ** | မပျောက်ပျက်(သမုဒ္ဒရာရှိသတ္တဝါ) | = | ခဏငယ်သုံးချက်တို့ချုပ်ခါနီးထိကျေးဇူးပြုခြင်း။ |

www.burmeseclassic.com